# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၇၆ | မေ ၉ ရက်၊ ၂၀၁၉

## မန္တလေး နာမည်ကြီး ဟိုတယ် ၃ ခု စည်ပင်ပိုင်မြေငှားခ တိုးမြှင့်ရန် အဆင်မပြေသေး

**မေ ၅၊ ၂၀၁၉**


ဓာတ်ပုံ-မန္တလေးတိုင်းဒေသကြီးလွှတ်တော်

မန္တလေး စည်ပင်သာယာရေးကော်မတီပိုင်မြေပေါ်တွင် ဖွင့်လှစ်ထားသော နာမည်ကြီး ဟိုတယ် ၃ လုံး၏ မြေငှားခ တိုးမြှင့်ကောက်ယူရန် ညှိနှိုင်းမှု အဆင်မပြေသေးကြောင်း သတင်းရရှိသည်။

မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က "တစ်ဖက်စာချုပ်ဝင် ကုမ္ပဏီ သဘောတူညီမှုမရရှိဘဲ တစ်ဖက်သတ် တိုးမြှင့်သတ်မှတ်ပါက ပဋိညာဉ်ဥပဒေ ချိုးဖောက်သည့်တာဝန်ရှိလာမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

မန္တလေးမြို့တွင်းရှိ အချက်အချာကျပြီးနေရာ ကျယ်ဝန်းသည့် စည်ပင်ပိုင် မြေပေါ်တွင် နှစ်ရှည် ငှားရမ်းဖွင့်လှစ်ထားသော ဟိုတယ်မန္တလေး၊ မန္တလေးစီးတီးဟိုတယ်နှင့် မင်းသားကြီး စသည့် ဟိုတယ် ၃ ခု၏ မြေငှားရမ်းခများနှင့် ပတ်သက်၍ ကာလပေါက်ဈေးအတိုင်း တိုးမြှင့်ရန်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်ဟု ၎င်းက ပြောဆိုသည်။

မန္တလေးမြို့တွင်း၌တည်ရှိပြီး မြေဧရိယာ ၆ ဧကကျော်ကျယ်သောမင်းသားကြီးဟိုတယ်၏ မြေငှားခမှာ တစ်လ ၆ သိန်း ကျော်၊ မြေဧရိယာ ၁ ဧကခွဲခန့် ကျယ်သော ဟိုတယ်မန္တလေး၏ တစ်လစာ မြေငှားခ တစ်သိန်းကျော်၊ ၁ ဧက ကျော်ကျယ်သော မန္တလေးစီးတီးဟိုတယ်၏ တစ်လစာ မြေငှားခသည် ၁၁ သိန်းကျော်သာ ကျသင့်နေသဖြင့် နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်က လွှတ်တော်၌ မေးခွန်းထုတ်ခဲ့သည်။

၎င်းက ဆက်လက်၍ ယခင်အစိုးရလက်ထက်က ချုပ်ဆိုခဲ့သော စာချုပ်များဖြစ်သော်လည်း လက်ရှိအစိုးရက ကာလပေါက်ဈေးနှင့်အညီ မြေငှားခများ တိုးမြှင့်ကောက်ခံမှုမရှိသေးသည့်အတွက် မေးမြန်းခြင်းဖြစ်ကြောင်း ဆိုသည်။

ထိုသို့မေးမြန်းမှုအပေါ် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က စာချုပ်ချုပ်ဆို ငှားရမ်းထားသော ကုမ္ပဏီနှစ်ခုဘက်မှ မြေငှားခ တိုးမြှင့်ပေးဆောင်ရပါက ၎င်းတို့ ပြန်လည်တင်ပြတောင်းဆိုခြင်းများ ရှိသည့်အပြင် ပဋိညာဉ်ဥပဒေအရ တစ်ဖက်သတ် ဆောင်ရွက်ခွင့်မရှိသဖြင့် နှစ်ဖက်ပြေလည်စေရန် ညှိနှိုင်းရခြင်း ဖြစ်သည်ဟု ရှင်းပြခဲ့သည်။

ဒုတိယအကြိမ် မန္တလေးတိုင်းလွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တိုင်းစာရင်းစစ်ချုပ်က တင်သွင်းသော ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရအသုံးစာရင်း စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းအစိုးရအဖွဲ့တို့က မေးမြန်းဖြေကြားခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ချမ်းမြသာစည် မြို့နယ်မဲဆန္ဒနယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက "အခု အစိုးရလက်ထက်မှာ ပုဂ္ဂလိကကို ငှားထားတဲ့ စည်ပင်ပိုင်မြေငှားခ တော်တော်များများကို ၅ ဆလောက်အထိ ဈေးတက်လိုက်တာတွေ့ပါတယ်။ ဒါပေမယ့် ဒီဟိုတယ် ၃ ခုက ကျန်နေတယ်။ ဘာကြောင့်လဲ၊ ဘာတွေ အခက်အခဲရှိလို့လဲ အစိုးရဘက်ကမလုပ်နိုင်ရင် လွှတ်တော်က ဘယ်လိုပူးပေါင်းပြီး ဖြေရှင်းလို့ရနိုင်မလဲဆိုတာ အဖြေရှာဖို့ မေးတာပါ"ဟု ပြောသည်။

ပဋိညာဉ်ဥပဒေသည် ၁၈၀၀ ပြည့်နှစ်ကျော်က ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ဥပဒေတစ်ရပ်ဖြစ်ပြီး အဆိုပါဥပဒေပုဒ်မ ၂၃ အရ စာချုပ်ချုပ်ဆိုရာတွင် ဥပဒေနှင့်မညီခြင်း၊ တန်ရာတန်ကြေးအား မမှန်မကန် ကွယ်ဝှက်ချုပ်ဆိုခြင်းဖြစ်ပါက ပဋိညာဉ်ပျက်ပြယ်ပြီး မှားယွင်းသည့် စာချုပ်အဖြစ် သတ်မှတ်နိုင်သည်ဟု သိရသည်။

ရွှေနေ ဦးသိန်းသန်းဦးက "မြို့တော်ဝန်ကို ဒီဥပဒေနဲ့ပတ်သက်ပြီး အကြံပေးတဲ့သူက နည်းနည်းလွဲနေပုံရတယ်။ ရွှေနေအစစ်တွေကိုမေးပြီး ကိုယ့်ပြည်သူ့ဘဏ္ဍာတွေ အမိအရ ကာကွယ်ပါလို့ပဲ ပြောချင်တယ်"ဟု ပြောသည်။

**(ကိုးကား-https://burma.irrawaddy.com)**

# ပြည်နယ်ဘဏ္ဍာရေးရန်ပုံငွေ ခွဲဝေရာတွင် ညီမျှမှုမရှိဟု ရှမ်းပြည်နယ်အမတ် ဝေဖန်

**မေ ၆၊ ၂၀၁၉**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဘဏ္ဍာရေးရန်ပုံငွေခွဲဝေရာတွင် ညီမျှမှုမရှိကြောင်း ပြည်နယ်အမတ်က ဝေဖန်သည်။

မေ ၄ ရက်တွင် ပြုလုပ်သည့် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး၌ "ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍" ကျောက်မဲမြို့နယ် မဲဆန္ဒနယ်မြေအမှတ် (၂) မှ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားပြု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်က ဝေဖန်ဆွေးနွေးခြင်းဖြစ်သည်။

"ရိုင်းရိုင်းပြောရမယ်ဆိုရင် ဝန်ကြီးရှိတဲ့မြို့တွေဆို ဘတ်ဂျက်က ပိုမိုရတယ်။ ဥပမာအနေနဲ့ နောင်ချိုမြို့တို့၊ ကလောမြို့နယ်တို့ဆို ကျွန်တော်တို့ကျောက်မဲမြို့နဲ့ ဖွံ့ဖြိုးမှုတန်းတူမြို့တွေပဲ။ ဝန်ကြီးရှိတော့ ဘတ်ဂျက်တွေ ပိုမိုရတယ်" ဟု ဦးစိုင်းထွန်းညဏ်က ပြောသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသည့်ဘတ်ဂျက်တွင် လမ်းနှင့် လျှပ်စစ်သည်မျှတမှုမရှိဘဲ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းရာခိုင်နှုန်းညီမျှမှုမရှိကြောင်း ၎င်းကပြောသည်။

"ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဝေဖန်အကြံပြုသွားသလို မဟုတ်ပါဘူး။ နောင်ချို ကလောဟာ ဝန်ကြီးထွက်တဲ့နေရာဆိုပြီး ပိုသုံးထားတာ မရှိပါဘူး။ အားလုံးက အမြဲအတက်မရှိသလို အကျလည်းမရှိပါဘူး။ ဒါကိုလည်း လွှတ်တော်မှာ သုံးနှစ်စာဂရပ်နဲ့ပြန်လည်ဖော်ပြပေးပြီးဖြစ် ပါတယ်"ဟု ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပြောသည်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့က ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရ အသုံးစာရင်းဆိုင်ရာ စိစစ်ရေးကော်မတီက စိစစ်ခြင်း၊ ဖြတ်တောက်ခြင်း၊ လျှော့ချခြင်းများပြုလုပ်ပြီး အဆိုပြုငွေကျပ် ၂၆၉,၅၈၆ ဒသမ ၄၉၁ သန်းအား လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ မေ ၅ ရက်တွင် အတည်ပြုပေးခဲ့သည်။

**(ကိုးကား-http://www.7daydaily.com)**

# ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ ပြည်သူကိုမမေ့ရန် တိုင်းလွှတ်တော်ဥက္ကဋ္ဌ သတိပေး

**မေ ၁၊ ၂၀၁၉**

တနင်္သာရီတိုင်းဒေသအစိုးရအဖွဲ့ဝင်များ အနေဖြင့်စီမံခန့်ခွဲမှုတာဝန်များ ထမ်းဆောင်သည့်အချိန်တွင် ပြည်သူကိုမမေ့ရန် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအား သတိပေးလိုက်သည်။

မတ်လ ၂၈ ရက်တွင် ကျင်းပခဲ့သည့် တိုင်းလွှတ်တော် အရေးပေါ်အစည်းအဝေး အပြီးတွင် ပြောကြားသည့် လွှတ်တော်ဥက္ကဋ္ဌ မိန့်ခွန်းတွင် ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

လက်ရှိအသစ်ခန့်အပ်လိုက်သော ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပြည်သူလူထု၏ လိုအင်ဆန္ဒ၊ ပြည်သူ၏အခက်အခဲများကို ကောင်းစွာသိသူများဖြစ်သည့် အားလျော်စွာ ဝန်ကြီးတာဝန် ထမ်းဆောင်ကြချိန်တွင် ပြည်သူလူထုအကျိုးကိုမမေ့ရန် သတိပေးလိုကြောင်း ဦးခင်မောင်အေးက မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။



ဓာတ်ပုံ - မင်းခန့်

"ပြည်သူ့အကျိုးစီပွားကိုလုပ်ဖို့ မေ့သွားတတ်တယ်။ ပြည်သူအကျိုးမဟုတ်ဘဲ ခရိုနီအကျိုး ဖြစ်သွားတတ်တယ်။ အဲဒီလိုဖြစ်မှာစိုးလို့ ကြိုသတိပေးလိုက်တာ"ဟု ဦးခင်မောင်အေးက ပြောကြားသည်။

မတ်လ ၂၈ ရက်က ကျင်းပသည့် လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် ဝန်ကြီးရာထူးခန့်အပ်ခံရသော ဦးအောင်သူရ (လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး)၊ ဦးလှထွေး (သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး)နှင့် ဒေါ်ရီရီချို (စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး)တို့ ကျမ်းကျိန်ခဲ့ကြသည်။

ဝန်ကြီးချုပ်ဦးမြင့်မောင်မှာ မတ်လ ၂၅ ရက်က ကျမ်းကျိန်ခဲ့သည်။

**(ကိုးကား-http://www.daweiwatch.com)**

# ရေဝတီတိုင်းလွှတ်တော် ဒုဥက္ကဋ္ဌဟောင်းကို ငွေကြေးအလွဲသုံးစားမှုဖြင့် အမှုဖွင့်

မေ ၄၊ ၂၀၁၉

ရေဝတီတိုင်းဒေသကြီးလွှတ်တော် ဒုဥက္ကဋ္ဌဟောင်း ဦးစံမင်းအောင်ကို ကိုယ်ကျိုးအတွက် ငွေကြေးအလွဲသုံးစားလုပ်မှု ရာဇသတ်ကြီးပုဒ်မ ၄၀၉ နှင့် ရေဝတီတိုင်းလွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးက အမှုဖွင့်တိုင်ကြာ းထားကြောင်း သိရသည်။

ဦးစံမင်းအောင်ကို ရေဝတီတိုင်းလွှတ်တော်အတွက် တိုင်းအစိုးရ ဘဏ္ဍာငွေနှင့် ကား ၅ စီး ဝယ်ယူရာတွင် ပြင်ဆင်စရိတ်များကို မမှန်မကန် သူ့သဘောနှင့်သူ အရောင်းအဝယ်စာချုပ်၌ ထည့်သွင်းချုပ်ဆိုခဲ့သည်ဆိုသော တိုင်ကြားချက်နှင့် အမှုဖွင့်ထားခြင်းဖြစ်သည်။

အဆိုပါကားများ ဝယ်ယူရာတွင် ငွေကြေးအလွဲသုံးစားလုပ်ခဲ့သည် ဆိုခြင်းကြောင့် NLD ပါတီက ထုတ်ပယ်ခဲ့သလို လွှတ်တော်ဒုတိယဥက္ကဋ္ဌရာထူးက နုတ်ထွက်ခဲ့သူဖြစ်သည်။

ပြီးခဲ့သည့်လက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဦးစံမင်းအောင်ကို ခေါ်ယူစစ်ဆေးခဲ့သည်။




**ရေဝတီတိုင်းလွှတ်တော် ဒုတိယဥက္ကဋ္ဌဟောင်း ဦးစံမင်းအောင်ကို တွေ့ရစဉ်။**
**ဓာတ်ပုံ-ရေဝတီတိုင်းဒေသကြီးလွှတ်တော်**

စစ်ဆေးတွေ့ရှိချက်အရ အဂတိလိုက်စားမှုမမြောက်ကြောင်းနှင့် ဝန်ထမ်းစည်းကမ်းအရ စစ်ဆေးဆောင်ရွက်နိုင်ကြောင်း အဂတိကော်မရှင်က အကြံပြုခဲ့သည့်အတွက် အမှုဖွင့်စစ်ဆေးရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရေဝတီတိုင်းလွှတ်တော် တာဝန်ရှိသူတစ်ဦးက ပြောသည်။

(ကိုးကား:-https://www.rfa.org/Burmese)

# ရှမ်းပြည်နယ်အတွင်း လောင်းကစားဝိုင်းများ ပိုမိုများပြားလာဟု လွှတ်တော်အမတ်ပြော

မေ ၅၊ ၂၀၁၉

ရှမ်းပြည်နယ်အတွင်း လောင်းကစားဝိုင်းများ တားဆီးပိတ်ပင်ရေးအဆိုကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုထားသော်လည်း လောင်းကစားဝိုင်းများ ပပျောက်ခြင်းမရှိဘဲ ပိုမို များပြားလာသည်ဟု သိန်းနီမဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက ပြောသည်။

မေ ၄ ရက် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် "ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၌ အတည်ပြုပြီးသော အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအလိုက် ညွှန်ကြားထားမှု"နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းတွင် ၎င်းက မေးမြန်းခြင်းဖြစ်သည်။

"ကွန်မရဲ့အဆိုနဲ့စပ်လျဉ်းပြီး လောင်းကစားဝိုင်းများ လျော့နည်းမသွားတဲ့အပြင် လားရှိုး၊ မူဆယ်၊ တန့်ယန်း၊ ကွမ်းလုံ၊ ဟိုပန်မြို့တွေမှာ ပေါ်ပေါ်တင်တင် လုပ်ဆောင်လာတာ တွေ့ရပါတယ်"ဟု ဒေါ်နန်းခင်ထားရီက ဆိုသည်။

လောင်းကစားဝိုင်းများကို အဓိကတာဝန်ရှိသူများက ထိရောက်စွာ အရေးယူမည်ဆိုလျှင် ဖွင့်ရဲမည်မဟုတ်ဘဲ လိုင်းကြေးယူထား၍သာ မျက်စိပိတ်၊ နားပိတ်နေခြင်းဖြစ်သည်ဟုယူဆကြောင်း ၎င်းကပြောသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပစဉ်က ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ တားဆီးပိတ်ပင်အရေးယူပေးရန် အဆိုကို ရှမ်းပြည်နယ်လွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။

ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ လျော့နည်းကျဆင်းရေးနှင့် တားဆီးပိတ်ပင်ရေး သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ လောင်းကစားဝိုင်းများ လျော့နည်းစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာ မြို့နယ်များအလိုက် ညွှန်ကြားဆောင်ရွက်နေသည်ဟု ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ပြောသည်။

လောင်းကစားဝိုင်းများနှင့် ပတ်သက်၍ ညွှန်ကြားချက်များ လိုက်နာခြင်းမရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဟု ၎င်းကဆိုသည်။

(ကိုးကား:-http://www.7daydaily.com)